UNIVERSITY OF UTAH
SCHOOL OF MEDICINE



သုတေသနတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်သူ၏

# အခြေခံ ရပိုင်ခွင့်များ ဖော်ပြချက်

လူတိုင်းတွင် အခွင့်အရေးများရှိပါသည်။ Utah တက္ကသိုလ်မှ သုတေသနပညာရှင်များက သင့် အခွင့်အရေးများကို သင်ကိုယ်တိုင်သတိမူမိစေလိုပါသည်။

သင် သို့မဟုတ် သင်ချစ်ခင်မြတ်နိုးရသူတစ်ဦးချင်းစီတွင် အောက်ပါအခွင့်အရေးရှိပါသည် -

သုတေသနပြုလုပ်နေရသည့် အကြောင်းရင်းကို အသိပေးခြင်းခံရရန်။

သင့်အားပုံမှန်စောင့်ရှောက်မှုမှ ကွဲပြားခြားနားသွားမည့်အရာများနှင့် တူညီမည့်အရာများကို အသိပေးခြင်းခံရရန်။




မသက်မသာဖြစ်မှုများ အပါအဝင် မည်သည့်အန္တရာယ်များနှင့် ဘေးထွက်ဆိုးကျိုးများရှိမည်ကို အသိပေးခြင်းခံရရန်။

ဤသုတေသနတွင်ပါဝင်ခြင်းအတွက် အကျိုးခံစားခွင့်တစ်စုံတစ်ရာရှိမရှိနှင့် ထိုအကျိုးကျေးဇူးများအား အသိပေးခြင်းခံရရန်။

သင်ရွေးချယ်စရာများအားလုံးနှင့် ၎င်းတို့၏ အန္တရာယ်များနှင့် အကျိုးကျေးဇူးများအား အသိပေးခြင်းခံရရန်။

ဤ သုတေသနလေ့လာမှုတွင် ပါဝင်ဆောင်ရွက်ခြင်းမှ ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် ဆေးကုသစဉ်ထပ်တိုးရောဂါသစ်များ ဖြစ်ခဲ့ပါက သင်ရရှိနိုင်မည့် ဆေးကုသစောင့်ရှောက်မှုကို အသိပေးခြင်းခံရရန်။



သုတေသနတွင်ပါဝင်ခြင်းသည် သင်နှင့်သင့်တော်ခြင်းရှိမရှိ အချိန်ယူဆုံးဖြတ်ရန်

ဤသုတေသနလေ့လာမှု မတိုင်မီနှင့် သုတေသနလေ့လာမှု ပြုလုပ်နေစဉ်ကာလအတွင်း မေးခွန်းများ မေးရန်အတွက် အချိန်ယူပြင်ဆင်ရန်။

ဤသုတေသနလေ့လာမှုတွင် မပါဝင်ရန်အတွက် အချိန်မရွေး ရွေးချယ်နိုင်ရန်။

ဤသုတေသနလေ့လာမှုတွင်မပါဝင်ရန် သင်ဆုံးဖြတ်ခဲ့သည့်တိုင် ဆေးကုသစောင့်ရှောက်မှုခံယူနိုင်သည့် သင့်အခွင့်အရေးကို သက်ရောက်ထိခိုက်လိမ့်မည် မဟုတ်ပေ။

ဖိအားပေးခြင်း သို့မဟုတ် တွန်းအားပေးခြင်းအားခံယူခြင်းမရှိဘဲ ဆုံးဖြတ်ချက်ချမှတ်ရန်။

လက်မှတ်ရေးထိုးထားပြီး နေ့စွဲတပ်ထားသည့် သဘောတူညီချက်ပုံစံတစ်စောင်ကို ပေးအပ်ခြင်းခံရရန်။

သင့်အခွင့်အရေးများ သို့မဟုတ် သင်ချစ်ခင်မြတ်နိုးရသူတစ်ဦးချင်းစီ၏ အခွင့်အရေးများနှင့်ပတ်သက်၍ သင့်တွင်မေးမြန်းစရာများ သို့မဟုတ် စိုးရိမ်ပူပန်မှုများရှိခဲ့ပါက သင့်သုတေသနဆရာဝန်ကို ကျေးဇူးပြု၍ဆက်သွယ်ပါ။

သင့်အနေဖြင့် Utah တက္ကသိုလ်၏ အသင်းအဖွဲ့အစည်းဆိုင်ရာ ပြန်လည်ဆန်းစစ်ရေး ဘုတ်အဖွဲ့ (IRB) ကို (၈၀၁) ၅၈၁-၃၆၄၄ ဖြင့် သို့မဟုတ် သုတေသနတွင်ပါဝင်သူ တရားရုံးရှေ့နေအား (၈၀၁) ၅၈၁-၃၈၀၃ ဖြင့်လည်း ဆက်သွယ်နိုင်ပါသည်။